မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၇ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ခ) ဦးအောင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

### လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်ဇယား (၁/၂) တို့အရ ပြည်သူ့လွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၆၁၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်/အမည်-၇၁၅/စိတ္တရမဟီ၊ ဦးပိုင်အမှတ် (၁၂ ^ဆ^)၊ **မြေဧရိယာ (၀. ၀၇၀၃) ဧကကို** ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁၃၄/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၀. ၀၇၀၃) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

### အမိန့်ကြော်ငြာစာ (၆၅၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့၊ ကွက်သစ်ရပ် အကွက်အမှတ်/အမည်-၉/ ရွှေလရောင်ရပ်၊ ဦးပိုင်အမှတ် (၁၄) ရှိ **မြေဧရိယာ (၀. ၈၈၈) ဧကကို** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟို

ကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၆၄၃/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြန်လည်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၀. ၈၈၈) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၇၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၈ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်မြို့နယ်၊ ဖောင်စိန်ကျေးရွာအုပ်စုနှင့် မင်းရွာကျေးရွာအုပ်စုတို့ရှိ အောက်ဖော်ပြပါ **မြေဧရိယာစုစုပေါင်း (၈၄. ၀၀) ဧကကို** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| **စဉ်** | **မြို့နယ်** | **ကျေးရွာအုပ်စု အမည်** | **ကွင်းအမှတ်/အမည်** | **ဦးပိုင် ပေါင်း** | **မြေဧရိယာ (ဧက)** |
|---|---|---|---|---|---|
| ၁။ | သံဖြူဇရပ် | ဖောင်စိန် | ၉၂၀၊၁၂၁၃/ဖောင်စိန် | ၂ᵃ | ၄၀. ၀၀ |
| ၂။ | မော်လမြိုင် | မင်းရွာ | ၅၉၇၊ ၁၂၀၉/မင်းရွာတောင် | ၁/က | ၄၄. ၀၀ |
| | **စုစုပေါင်း** | | | - | **၈၄. ၀၀** |

စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာစုစုပေါင်း (၈၄. ၀၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၇၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ထနောင်းကိုင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် - ၂၃၉၆ᵃ၊ ၂၅၆၁၊ ၂၅၆၉ တို့မှ စုစုပေါင်း မြေဧရိယာ **(၅၁၅၉. ၇၈)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၅၁/၁-ကော်မတီ/မစခ(ဗဟို)/ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၅၁၅၉. ၇၈) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၇၇/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ယခင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

အတွက် မြေသိမ်းအမိန့်ထုတ်ပြန်ပေးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၈ᵃ ပေပင်ကွင်းပြင်၊ ဦးပိုင်အမှတ် (N-၁မှ ၂၉အထိ)၊ မြေသိမ်းဧရိယာ (၆၃. ၀၀) ဧက၊ ဇီးပင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၆၄/ဇီးပင်ကြီးကွင်းပြင်၊ ဦးပိုင်အမှတ် (N-၁မှ ၂၀ အထိ)၊ မြေသိမ်းဧရိယာ (၃၅. ၀၀) ဧက၊ စုစုပေါင်းမြေသိမ်းဧရိယာ (၉၈. ၀၀) ဧကနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ရက်စွဲတူ အမိန့်ကြော်ငြာစာဖြင့် အခမဲ့လွှဲပြောင်းပေးခဲ့သည့် ပြင်ဦးလွင်မြို့နယ်၊ ပေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် -၂၈ᵃ/ပေပင်ကွင်းပြင်မှ မြေလွတ်မြေရိုင်းဧရိယာ (၄၉၀. ၀၀) ဧက၊ ဇီးပင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၇၆၄/ဇီးပင်ကြီးကွင်းပြင်မှ မြေလွတ်မြေရိုင်းဧရိယာ (၄၇၃. ၀၀) ဧက၊ စုစုပေါင်းမြေလွှဲဧရိယာ (၉၆၃. ၀၀) ဧက၊ စုစုပေါင်း မြေသိမ်း/ မြေလွှဲဧရိယာ (၁၀၆၁. ၀၀) ဧကအနက်မှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် ဇီးပင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၆၄/ဇီးပင်ကြီးကွင်းပြင်၊ ဦးပိုင်အမှတ် (၁၄၃ မှ ၁၉၀အထိ) ရှိ တစ်စိတ်တစ်ဒေသ စွန့်လွှတ်မြေဧရိယာ (၁၅၅. ၉၀) ဧကအား မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၇/၁-ကော်မတီ/မစခ(ဗဟို)/ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့သဖြင့် ကျန်ရှိမြေဧရိယာ (၉၀၅. ၁၀) ဧကဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မြေဧရိယာအား အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ပြင်ဆင်လွှဲပြောင်းပေးသည့်မြေအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၅၅. ၉၀) ဧကအား နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၇၈/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၃) ခြေမြန်တပ်ရင်းမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ခအုံးတာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၇၆၁/ခအုံးတာရှေ့၊ ဦးပိုင်အမှတ်(-)၊ မြေဧရိယာ **(၂၂၅. ၀၀)** ဧက၊ ကွင်းအမှတ်/အမည် - ၇၆၂ᵃ/ခအုံးတာမြောက်၊ ဦးပိုင်အမှတ် (-)၊ မြေဧရိယာ **(၇၀. ၀၀)** ဧက၊ ကွင်းအမှတ်/အမည်-၇၆၂ᵇ/ခအုံးတာမြောက်၊ ဦးပိုင်အမှတ် (-)၊ မြေဧရိယာ **(၁၃၅. ၀၀)** ဧက၊ စုစုပေါင်း မြေဧရိယာ **(၄၃၀. ၀၀)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၅၄/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၄၃၀. ၀၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၁၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၃၁) ခြေမြန်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ဆယ်မိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၈၃၀/ချန်းဖန်းကြေးတိုင်တွင်းကွင်း၊ ဦးပိုင်အမှတ်-(၂၇၊ ၃၂၊ ၃၃၊ ၃၄၊ ၄၃(စ)၊ ၄၃ (ဆ)၊ ၄၃ (ယ)၊ ၅၁၊ ၁၁၆၊ ၁၁၇/၁၊ ၁၃၂၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၄၇၊ ၁၃၃၊ ၁၂၉၊ ၁၃၄၊ ၁၃၀၊ ၁၁၅) မှ **မြေဧရိယာ (၃၈. ၉၉) ဧက**ရှိ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေး

ဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၇၉/၁-ကော်မတီ/ မစခ(ဗဟို)/ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၃၁) ခြေမြန်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၃၈. ၉၉) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၁၁/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၁) ခြေမြန်တပ်ရင်းမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ကံသစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၂၄၁၂/မျက်သောက်၊ ဦးပိုင်အမှတ် (-)၊ မြေဧရိယာ **(၂၂. ၄၃)** ဧက၊ ကွင်းအမှတ်/အမည်-၂၄၁၃/ခါမတက်၊ ဦးပိုင်အမှတ် (-)၊ မြေဧရိယာ (၇၉. ၂၄) ဧက၊ စုစုပေါင်းမြေဧရိယာ (၁၀၁. ၆၇)ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၅၇/၁-ကော်မတီ/ မစခ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၀၁. ၆၇) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၁၂/၂၀၁၆)

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်/အမည်-(၇၆၃B/ လယ်ကြီးပြင်)၊ မြေကွက်အမှတ် (၅၇၊ ၆၆၊ ၆၇၊ ၆၉၊ ၈၁) တို့မှ **မြေဧရိယာ (၅. ၉၉) ဧက**အား **"အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့မအားကစားကွင်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အားကစားဝန်ကြီးဌာန**သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အားကစားဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇၁၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် )

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေကို အများပြည်သူ အကျိုးငှာ **"တပ်မတော်ဆေးရုံ(ခုတင်-၅၀)"** မြေနေရာအဖြစ် အသုံးပြုရန်အလို့ငှာ **ကာကွယ်ရေးဝန်ကြီးဌာန**မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

### မြေတည်ရှိရာဒေသ

| **တိုင်းဒေသကြီး** | **မြို့နယ်** | **ကျေးရွာအုပ်စု အမည်** | **ကွင်းအမှတ်/အမည်** | **ဦးပိုင် ပေါင်း** | **ဧရိယာ (ဧက)** |
|---|---|---|---|---|---|
| နေပြည်တော် | ဥတ္တရသီရိ | တောင်ညို | ၁၈၉၄/တောင်ညို | ၅ | ၁၉. ၀၆ |
| **စုစုပေါင်း** | | | | **၅** | **၁၉. ၀၆** |

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အုပ်ချုပ်ရေးမှူး၊ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်း ကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်ရန် အုပ်ချုပ်ရေးမှူး၊ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့်အပ်နှင်း လိုက်သည်။

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ **"တပ်မတော်ဆေးရုံ (ခုတင်-၅၀)"** အတွက် သိမ်းဆည်းရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည် -

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | အမည် | ကွင်းအမှတ်/အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| ၁ | ဥတ္တရသီရိ | တောင်ညို | ဦးစံရှိန် | ၁၈၉၄/တောင်ညို | N-၁၁၂ | ၈. ၁၀ |
| ၂ | ။ | ။ | ဦးကျော်ခင် | ။ | N-၁၁၃ | ၁. ၁၆ |
| ၃ | ။ | ။ | ဦးစိုးမောင် | ။ | N-၁၁၅ | ၃. ၂၆ |
| ၄ | ။ | ။ | ဦးကံကြီး | ။ | N-၁၁၆/ ၁၁၉ | ၁. ၁၈ |
| ၅ | ။ | ။ | ဒေါ်မြင့်မြင့်သန်း | ။ | N-၁၃၆/ ၂၀၃၉ | ၅. ၃၆ |
| စုစုပေါင်း | | | ၅ ဦး | ၁ ကွင်း | ၅ ခု | ၁၉. ၀၆ |

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အရှေ့လားသော် - ခန့်မှန်း (JC-၈၇၄၀၅၃) မှ ခန့်မှန်း (JC-၈၇၄၀၅၁) အထိ၊ ၎င်းမှ ခန့်မှန်း (JC-၈၇၇၀၄၈) အထိ၊ ၎င်းမှ (JC-၈၇၉၀၄၄) အထိ၊

အနောက်လားသော် - ခန့်မှန်း (JC-၈၇၀၀၄၄) မှ ခန့်မှန်း (JC-၈၇၀၀၅၃) အထိ၊

တောင်လားသော် - ခန့်မှန်း (JC-၈၇၉၀၄၄) မှ ခန့်မှန်း (JC-၈၇၆၀၄၁) အထိ၊ ၎င်းမှ ခန့်မှန်း (JC-၈၇၀၀၄၄) အထိ၊

မြောက်လားသော် - ခန့်မှန်း (JC-၈၇၀၀၅၃) မှ ခန့်မှန်း (JC-၈၇၄၀၅၃) အထိ။

**မှတ်ချက်။** စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများကို ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် **"တပ်မတော်ဆေးရုံ (ခုတင်-၅၀)"**အတွက် အသုံးပြုရန် **ကာကွယ်ရေးဝန်ကြီးဌာန**သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၂၀/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၆၆) ခြေလျင်တပ်ရင်းသို့ အခမဲ့လွှဲပြောင်းပေးခဲ့သည့် ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဝမ်ပုံနှင့် လွိုင်ယဲကျေးရွာအုပ်စုတို့ရှိ အကွက်အမှတ် (၃) မှ မြေလွတ်မြေလပ် ဧရိယာ **(၂၀၀၄. ၁၉၅)** ဧကအနက် အမှတ် (၇၃) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ် (၈) တပ်မတော်စစ်ဆေးရုံ (ခုတင်-၁၀၀) နှင့် အမှတ် (၉၆) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲတို့အား လွှဲပြောင်းပေးခဲ့သည့် မြေဧရိယာ **(၁၆၄၁. ၃၂၅)** ဧကအား နုတ်ပယ်၍ ကျန်ရှိမြေဧရိယာ **(၄၆၂. ၈၇)** ဧကနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် အမှတ် (၆၆) ခြေလျင်တပ်ရင်းသို့ အခမဲ့လွှဲပြောင်းပေးခဲ့သည့် နမ့်စန်မြို့နယ်၊ ဝမ်ပုံကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းပြင်ရှိ တပ်မြေဧရိယာ **(၃၁၃. ၂၂)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၇၇၆. ၀၉)** ဧကအား အမှတ် (၇၀၁၄) သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်းမြေအဖြစ် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ပြင်ဆင်လွှဲပြောင်းပေးသောမြေကို **ကာကွယ်ရေးဝန်ကြီးဌာန**မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇၂၁/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂) သံမဏိစက်ရုံ (မြောင်းတကာ) မှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာအုပ်စုရှိ အောက်ဖော်ပြပါ **မြေဧရိယာစုစုပေါင်း (၁၀၂၅. ၄၈) ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | ကျေးရွာအုပ်စုအမည် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|
| ၁ | မြောင်းတကာ | ၆၅၇/အင်းတလုံး | ၇၉၊ ၈၁၊ ၈၃၊ ၈၄၊ ၈၅ | ၁၇. ၂၁ |
| ၂ | မြောင်းတကာ | ၆၃၇/ဆူးပုတ်ကုန်း<br>၆၃၈/ကြီးပင်အင်း | ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈/က၊ ၈/ခ<br>၈/ဂ၊ ၈/ဃ၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄<br>၁၅၊ ၁၆၊ ၁၇၊ ၂၁၊ ၂၃၊ ၂၄၊<br>၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၉၊ ၂၀၊<br>၂၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၄၀၊ ၄၁<br>၄၂၊ OA (ရွာမြေ)၊ OA<br>(သုသာန်မြေ)<br>(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအမြန်လမ်းစခန်း) | ၈၀၁. ၆၉ |
| ၃ | မြောင်းတကာ | ၆၃၆/ကွင်းကြီး | ၁၄၊ ၁၅၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉<br>၃၀၊ ၃၁၊ ၃၆၊ ၃၇၊ ၃၈၊ (စားကျက်ပယ်ဖျက်မြေ) | ၂၀၆. ၅၈ |
| | **စုစုပေါင်း** | | | **၁၀၂၅. ၄၈** |

ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာစုစုပေါင်း (၁၀၂၅. ၄၈) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၂၂/၂၀၁၆)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အမှတ် (၉၄၈) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ **"လုံခြုံရေးတိုးချဲ့မြေ"** မြေနေရာအဖြစ် အသုံးပြုရန်အလို့ငှာ **ကာကွယ်ရေးဝန်ကြီးဌာန**မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

### မြေတည်ရှိရာဒေသ

| တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စုအမည် | ကွင်းအမှတ်/အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| နေပြည်တော် | ပုဗ္ဗသီရိ | ညောင်ပင်ကြီးစု | ၁၆၃၆ဃ/ညောင်ပင်ကြီးစု(မ) | ၅ | ၆. ၅၀ |
| **စုစုပေါင်း** | | | | ၅ | ၆. ၅၀ |

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်း ကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉၄၈) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ **"လုံခြုံရေးတိုးချဲ့မြေ"**အတွက် သိမ်းဆည်းရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည် -

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | မြို့နယ် | ကျေးရွာအုပ်စုအမည် | အမည် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| ၁ | ပုဗ္ဗသီရိ | ညောင်ပင်ကြီးစု | ဦးသိန်းဟန် | ၁၆၃၆ဃ/ညောင်ပင်ကြီးစု(မ) | ၂၃ | ၂. ၂၀ |
| ၂ | ။ | ။ | ဦးကြည်နိုင် | ၁၈၉၄/တောင်ညိုကွင်း | ၂၄/၁ | ၀. ၉၀ |
| ၃ | ။ | ။ | ဦးမြဟန် | ။ | ၂၄/၂ | ၀. ၇၅ |
| ၄ | ။ | ။ | ဦးဝင်းအောင် | ။ | ၂၅ | ၂. ၁၅ |
| ၅ | ။ | ။ | ဦးဌေးလှိုင် | ။ | ၂၇/၂ | ၀. ၅၀ |
| **စုစုပေါင်း** | | | **၅ ဦး** | **၁ ကွင်း** | **၅ ခု** | **၆. ၅၀** |

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အရှေ့လားသော် - ခန့်မှန်း (KB-၀၁၂၈၇၂) မှ ခန့်မှန်း (KB-၀၁၂၈၇၁) အထိ၊

အနောက်လားသော် - ခန့်မှန်း (KB-၀၁၀၈၇၀) မှ ခန့်မှန်း (KB-၀၁၀၈၇၂) အထိ၊

တောင်လားသော် - ခန့်မှန်း (KB-၀၁၂၈၇၁) မှ ခန့်မှန်း (KB-၀၁၀၈၇၀) အထိ၊

မြောက်လားသော် - ခန့်မှန်း (KB-၀၁၀၈၇၂) မှ ခန့်မှန်း (KB-၀၁၂၈၇၃) အထိ၊ ၎င်းမှ ခန့်မှန်း (KB-၀၁၂၈၇၂) အထိ။

**မှတ်ချက်**။ စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများကို ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့် အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် အမှတ် (၉၄၈) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ **"လုံခြုံရေးတိုးချဲ့မြေ"**အတွက် အသုံးပြုရန် **ကာကွယ်ရေး ဝန်ကြီးဌာန**သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၂၃/၂၀၁၆)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၅၆၄/ရွာတန်းရှည်၊ **"ရွှေဥမင်ဘုန်းတော်ကြီးကျောင်း"** အခွန်လွတ်သာသနာ့မြေဧရိယာ **(၅. ၂၀)** ဧကအနက် ဦးပိုင်အမှတ် (၄၀၄) မှ **(၀. ၀၄)** ဧကကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ ၅၃ (က) နှင့်အညီ ဦးဝင်းနိုင် [၉/သစန (နိုင်) ၀၀၈၄၁၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၂၄/၂၀၁၆)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်/ အမည်-၂၆၈/ မြောင်မြောက်အနောက်၊ **"မင်္ဂလာသီတာအေးကျောင်းတိုက်"** အခွန်လွတ်သာသနာ့မြေဧရိယာ **(၁. ၃၀) ဧကအနက်** ဦးပိုင်အမှတ် (F-၂၁၅/၅၆၁) မှ မြေဧရိယာ **(၀. ၀၅)** ဧကကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၃ (က) နှင့်အညီ ဦးကျော်ငြိမ်း [၅/မမန (နိုင်) ၀၀၀၅၅၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၂၅/၂၀၁၆)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်/ အမည်-၁/ဗုဒ္ဓကုန်း၊ ဦးပိုင်အမှတ် (၁၀ᶜ⁻¹) မှ မြေဧရိယာ **(၀. ၂၃)** ဧကအား **"မြန်မာ့အာမခံလုပ်ငန်း (ပခုက္ကူခရိုင်ရုံး)"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဘဏ္ဍာရေးဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇၂၇/၂၀၁၆)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်/ အမည်-၆၆၄/ တရားဟောမကျီးပင်၊ **"ဓမ္မရံသီမိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်"** အခွန်လွတ် သာသနာ့မြေဧရိယာ **(၁၂. ၁၃)** ဧကအနက် ဦးပိုင်အမှတ် (၃၆၂) မှ မြေဧရိယာ **(၀. ၂၃)** ဧကကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၃(က) နှင့်အညီ ဦးတင့်ဆွေ [၅/မရန (နိုင်) ၀၁၆၇၁၈] နှင့် ဒေါ်ခင်ချိုမာ [၅/မရန (နိုင်) ၀၁၆၇၃၆] တို့အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၂၈/၂၀၁၆)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည်-(၉၅/ ဆင်ခြေဖုန်း) မြေကွက်အမှတ် (၁၄က) မှ **မြေဧရိယာ (၁၅. ၂၇) ဧကအား အခြေခံပညာဦးစီးဌာန၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပညာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပညာရေးဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇၃၂/၂၀၁၆)

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်၊ ကျောက်မြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၃၂၇/ရေကောင်းချိန်ကွင်း)၊ ဦးပိုင်အမှတ် (-)မှ မြေဧရိယာ (၀. ၉၀) ဧက၊ မွှားကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၀. ၃၀) ဧက၊ တန်းတင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၁. ၈၅) ဧက၊ စခန်းမော် ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၈၆က/ခမောင်းချောင်းကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၂. ၂၁) ဧက၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၇. ၉၇) ဧက၊ ကွင်းအမှတ်/အမည် (၂၈၄/ခွဆုံကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၀. ၉၉) ဧက၊ လုံးကောက် ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၀. ၇၉) ဧက၊ အောက်ရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၀. ၀၇) ဧကနှင့် အမ်းတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၂၄၄. ၈၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၂၅၉. ၈၈) ဧက** အား **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စွမ်းအင်ဝန်ကြီးဌာန**သို့ အခမဲ့လွှဲပြောင်းပေး လိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စွမ်းအင်ဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇၄၃/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက် )

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ လင်းဝေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၀၁၃/လင်းဝေးကွင်းပြင်၊ ဦးပိုင်အမှတ် (-) ရှိ မြေဧရိယာ **(၇၀. ၀၀)** ဧကနှင့် ညောင်အိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၃၄/ညောင်အိုင်ကွင်းပြင်၊ ဦးပိုင်အမှတ် (-) ရှိ မြေဧရိယာ **(၄၀. ၀၀)** ဧက၊ **စုစုပေါင်း**

**မြေဧရိယာ (၁၁၀. ၀၀) ဧကကို** ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇) ခြေလျင်တပ်ရင်းမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်-၅၁၆/၁-ကော်မတီ/မစခ (ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၁၀. ၀၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၄၄/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်တက္ကသိုလ်မှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉) ပွေးတောင်၊ အကွက်အမှတ်/အမည်-၁၅/ရွာထောင်ကွင်းပြင်၊ ဦးပိုင်အမှတ်-(N၇၈၊ N၇၉၊ N၁၈၊ N၁၁)၊ စုစုပေါင်းမြေဧရိယာ **(၅. ၆၅) ဧကကို** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၈၀/၁-ကော်မတီ/ မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၅. ၆၅) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၆၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက် )

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ သာမညကျေးရွာအုပ်စု၊ ကော့ရင်းအထက်ကျေးရွာအုပ်စုနှင့် ကော့ကဒါကျေးရွာအုပ်စုတို့ရှိ အောက်ဖော်ပြပါ **မြေဧရိယာစုစုပေါင်း (၅၆၁. ၂၇) ဧကကို** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | မြေအမျိုး အစား | ဦးပိုင် အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| ၁ | သာမည | OSS 4B/ နောင်ရွှေကြေးတိုင်ပြင်ကွင်း | မြေလွတ်မြေရိုင်း | - | ၄၁၇. ၁၅ |
| ၂ | ကော့ရင်း အထက် | OSS-၅၉/အစပ်အင်းအပြင် ကွင်း | မြေလွတ်မြေရိုင်း | - | ၂၀. ၈၀ |
| ၃ | ကော့ကဒါ | ၁၃၇၁(က)/ဘုရားကုန်းကွင်း | ဥယျာဉ်ခြံမြေ | ၂၃/၂ | ၃၂. ၈၅ |
| ၄ | ကော့ကဒါ | ၁၃၇၂/ကော့ကဒါအရှေ့ကွင်း | ဥယျာဉ်ခြံမြေ | ၉၅၊ ၉၆ | ၂၄. ၀၀ |
| ၅ | ကော့ကဒါ | OSS-၆/ကော့ကဒါကြေးတိုင် ပြင်ကွင်း | မြေလွတ်မြေရိုင်း | - | ၆၆. ၄၇ |
| | စုစုပေါင်း | | | - | ၅၆၁. ၂၇ |

စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာစုစုပေါင်း (၅၆၁. ၂၇) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၆၆/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (-)၊ ဦးပိုင်အမှတ် (-)၊ မြေဧရိယာ **(၁၅၈၂. ၁၀) ဧကအနက်မှ (၁၅၆၇. ၁၀)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်-၅၄၅/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၅၆၇. ၁၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၆၇/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၅၉က/အုန်းချောအရှေ့ကွင်း၊ ဦးပိုင်အမှတ်-(N၁၅၊ N၁၆၊ N၁၇၊ N၁၈၊ N၂၀၊ N၂၉၊ N၃၀) မှ မြေဧရိယာ **(၂၃. ၇၀)** ဧက၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၆၂က/ကျွဲနဖားမြောက်၊ ဦးပိုင်အမှတ် (N၃၅)မှ မြေဧရိယာ **(၃. ၀၀)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၂၆. ၇၀)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၉၆/၁-ကော်မတီ/ မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၂၆. ၇၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၆၈/၂၀၁၆)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဆယ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၆၀၊ ဦးပိုင်ပေါင်း (၉၈) ခု၊ မြေဧရိယာ **(၂၆၂. ၀၀)** ဧက၊ ကွင်းအမှတ်-၅၆၁၊ ဦးပိုင်ပေါင်း (၂၁၁) ခု၊ မြေဧရိယာ **(၄၈၈. ၀၀)** ဧက၊ ကွင်းအမှတ် -၅၆၃၊ ဦးပိုင်ပေါင်း (၃၁) ခု၊ မြေဧရိယာ **(၆၀. ၀၀)** ဧက၊ကွင်းအမှတ်-၅၅၆/၂၀၂၂၊ ဦးပိုင်ပေါင်း (၇၅) ခု၊ မြေဧရိယာ **(၁၀၁. ၀၀)** ဧက၊ ကွင်းအမှတ် -၅၆၅၊ ဦးပိုင်ပေါင်း (၅၆) ခု၊ မြေဧရိယာ **(၄၄. ၀၀)** ဧက၊ ကွင်းအမှတ် -၅၆၆၊ ဦးပိုင်ပေါင်း (၁၄၀) ခု၊ မြေဧရိယာ **(၂၉၀. ၀၀)** ဧက၊ ကွင်းအမှတ် -၅၆၇၊ ဦးပိုင်ပေါင်း (၄၂) ခု၊ မြေဧရိယာ **(၈၀. ၀၀)** ဧက၊ ဦးပိုင်ပေါင်း (၆၅၃) မှ စုစုပေါင်း မြေဧရိယာ **(၁၃၂၅. ၀၀)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်စွဲပါ စာအမှတ်-၁၃၁/၁-ကော်မတီ/ မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၃၂၅. ၀၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၃၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက် )

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ **မြေဧရိယာ (၂၆၈. ၈၈) ဧကအား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ ရွှေစီမံကိန်း** မြေနေရာများအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **စွမ်းအင်ဝန်ကြီးဌာန**သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည် -

| မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | မြေကွက် အမှတ်ပေါင်း | မြေဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| ကျောက်ဖြူ | လိပ်ခမော် | ၄၅၄/လောကုန်ဘောင်ကွင်း၊ ၄၅၇/မရကျွန်းမြောက်ကွင်း၊ | ၁၆ ခု | ၁၀၅. ၃၅ | **ရွှေစီမံကိန်းမြေ အဖြစ်အသုံးပြုရန်** |
| | | ၄၅၇/မရကျွန်းမြောက်ကွင်း၊ ၄၅၈/မရကျွန်းမြောက်ကွင်း၊ | ၃ ခု | ၄. ၂၇ | **အရှေ့တောင်အာရှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမြေအဖြစ် အသုံးပြုရန်** |
| ကျောက်ဖြူ | ရတန | ၃၃၉/ကျောက်ခမောက်ကွင်း၊ ၃၆၂ᵃ/ကပိုင်ချောင်းတောင်ကွင်း၊ ၃၃၈/ရတနကွင်း၊ ၃၆၂ᵃ/ ကပိုင်ချောင်းတောင်ကွင်း၊ ၃၃၁/ငကဲပြိန်ကွင်း၊ ၃၃၉/ကျောက်ခမောက်ကွင်း၊ OSS/ကြေးတိုင်ပြင်ကွင်း၊ | ၅ ခု | ၂. ၈၄ | |
| ကျောက်ဖြူ | ကြတ္တိန် | ၄၉၉/သဖန်းခါးမြောက်ကွင်း၊ ၅၀၁/သပြုတောင်အရှေ့ကွင်း၊ ၅၀၂/ကြတ္တိန်ကွင်း၊ | ၁၁ ခု | ၉. ၅၃ | |
| ကျောက်ဖြူ | ဦးကင်း | ၅၁၃/ကျောက်ကျင်ချောင်းကွင်း၊ | ၂ ခု | ၄. ၅၀ | |
| ကျောက်ဖြူ | အုန်းတော | ၄၆၆/ပြိုင်းစိက္ကေတောကွင်း၊ | ၄ ခု | ၉. ၂၄ | |
| ကျောက်ဖြူ | ကန္ဒီး | ၄၆၉/နှမ်းတဲတိန်ကွင်း၊ ၄၇၂/ကန္ဒီးတောင်ကွင်း၊ ၄၇၃/မီးကျောင်းတက်ကွင်း၊ OSS/ကြေးတိုင်ပြင်ကွင်း၊ | ၇ ခု | ၅. ၃၇ | |
| ကျောက်ဖြူ | ဂြင်ကြီး | ၃၆၁/ကပိုင်ချောင်းအရှေ့ကွင်း၊ ၃၆၂/ကပိုင်ချောင်းတောင်ကွင်း၊ ၃၆၀/ဂြင်ကြီးတောင်ကွင်း၊ ၃၆၁/ကပိုင်ချောင်းအရှေ့ကွင်း၊ OSS/ကြေးတိုင်ပြင်ကွင်း၊ | ၃ ခု | ၉. ၆၈ | **အရှေ့တောင်အာရှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမြေအဖြစ် အသုံးပြုရန်** |
| ကျောက်ဖြူ | စစ်တော | ၅၀၃/စည်မော်ကွင်း၊ | ၂ ခု | ၃. ၈၇ | |
| ကျောက်ဖြူ | မဒေးကျွန်း | ၅၀၇/တောက်တလူကွင်း၊ ၅၀၈/ရွာမကွင်း၊ ၅၀၉/ကျောက်တန်းကွင်း၊ | ၁၇ ခု | ၁၁၄. ၂၃ | |
| **စုစုပေါင်း** | **ကျေးရွာ အုပ်စု (၉) အုပ်စု** | **ကွင်းပေါင်း (၂၄) ကွင်း** | ၇၀ ခု | ရွှေစီမံကိန်းမြေ-(၁၀၅. ၃၅) ဧက အရှေ့တောင်အာရှ-(၁၆၃. ၅၃) ဧက ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းမြေ | |
| | | | | စုစုပေါင်းမြေဧရိယာ (၂၆၈. ၈၈)ဧက | |

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စွမ်းအင်ဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇၇၆/၂၀၁၆)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းက အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စုနှင့် ရှောက်ခုံကျေးရွာအုပ်စုတို့မှ **မြေဧရိယာ (၁၀၈၀. ၂၀) ဧက** ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ်-၆၁၈/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | ဦးပိုင် အမှတ် | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| ၁ | ကြံခင်း | ကွင်းကြီး | ၁၄၂/ပေါက်နွယ်စမ်းအရှေ့ကွင်း | - | ၁၂၆. ၄၇ |
| | | ရှောက်ခုံ | ၁၄၇/တောင်ပုံတန်းကွင်း | - | ၁၉၇. ၅၃ |
| | | | ၁၄၈/တောင်ပုံတန်းအနောက်ကွင်း | - | ၄၀၁. ၆၂ |
| | | | ၁၄၉/တောင်ပုံတန်းအရှေ့ကွင်း | - | ၃၅၄. ၅၈ |
| စုစုပေါင်းမြေဧရိယာ | | | | | ၁၀၈၀. ၂၀ |

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် **မြေဧရိယာ (၁၀၈၀. ၂၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၇၇/၂၀၁၆)

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ ကွင်းအမည်-စလီရွာကွင်းပြင်၊ ဦးပိုင်အမှတ် (-) **"ရွှေတောင်ကုန်းတောရကမ္မဋ္ဌာန်းကျောင်း"** အခွန်လွတ်သာသနာ့မြေဧရိယာ **(၂. ၆၀)** ဧကအနက်မှ **(၀. ၀၅၀၅)** ဧကကို ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးမောင်မောင် (ခ) ဦးမောင်မောင်လင်း [၁၃/တကန (နိုင်) ၁၅၄၅၃၁] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၈၀/၂၀၁၆)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၀)၊ အကွက်အမှတ်/အမည်-(၇B/နံ့သာကုန်း)၊ ဦးပိုင်အမှတ်-(၁၁/ဘီ၊ ၆/ခ)၊ **မြေဧရိယာ (၀. ၀၁၂) ဧက**ရှိ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁၂၆/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၀. ၀၁၂) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၇၈၂/၂၀၁၆)**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၉၈၅$^{B}$/ကျွန်းကလေးတောင်၊ ဦးပိုင်အမှတ်-၂၆/ခ၊ **မြေဧရိယာ (၀. ၄၄) ဧက**ရှိ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁၀၇/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၀. ၄၄) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

အမှတ် ၂ ။ ။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ (မ) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦး၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၃ ။ ။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

အမှတ် ၄ ။ ။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ (ဗ၊ ဘ) အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (၈) ဦးတို့အား အလုပ်တာဝန်ဝတ္တရားများ

စတင်ထမ်းဆောင်သည့်နေ့မှစ၍ ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ **ဌာန/ဒေသ**များသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ် အမည်** | **လက်ရှိတာဝန်ထမ်းဆောင်သည့် ဌာန/ဒေသ** | **ပြောင်းရွှေ့တာဝန်ချထားသည့် ဌာန/ဒေသ** |
|---|---|---|
| ၁။ ဦးဇော်ဝင်းအောင် | ရုံးချုပ်၊ လုပ်ငန်းဌာန (၁) | ရုံးချုပ်၊ လုပ်ငန်းဌာန (၄) |
| ၂။ ဦးတင်ဝင်း | ရုံးချုပ်၊ လုပ်ငန်းဌာန (၂) | ရုံးချုပ်၊ လုပ်ငန်းဌာန (၁) |
| ၃။ ဦးကျော်မင်း | ရုံးချုပ်၊ လုပ်ငန်းဌာန (၃) | ရုံးချုပ်၊ လုပ်ငန်းဌာန (၂) |
| ၄။ ဦးဦးစောဝင်း | ရုံးချုပ်၊ လုပ်ငန်းဌာန (၄) | ရုံးချုပ်၊ လုပ်ငန်းဌာန (၃) |
| ၅။ ဦးညီညီလွင် | ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၆။ ဦးမြင့်စိုး | ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၇။ ဦးအောင်ထွန်းခိုင် | တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၈။ ဦးကျော်ကျော် | ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၆ နှင့်အညီ ဖွဲ့စည်းခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအားလုံး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု
အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၇ အရ နိုင်ငံတော်သမ္မတရုံး၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးမှ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခဲ့သည့် ဦးဇော်ဌေးသည် ညွှန်ကြားရေးမှူးချုပ်၏တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

ကျော်တင့်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆) ၏ သဘောတူအတည်ပြုဆုံးဖြတ်ချက်အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငှားရမ်းထားသော နိုင်ငံတော်ပိုင်မြေ (၈၉၇. ၇၈၄) ဧက၊ အဆောက်အအုံ (၇) လုံးနှင့် RC (၂) ထပ်မှ မြေညီထပ် (၁) ထပ်ကို မွေးမြူရေး၊

ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပုဂ္ဂလိက/အဖွဲ့အစည်းများသို့ ငှားရမ်းထားသည့် မြေနှင့် အဆောက်အအုံများအဖြစ် သတ်မှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၁၆) နှင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်ညွှန်ကြား ရေးမှူး ဦးသန့်စင်စိုး အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့သွတ်သွင်း ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)

၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆) ဆုံးဖြတ်ချက်အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် အောက်ဖော်ပြပါ ခရိုင်ရုံး (၆) ရုံး ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းဖြတ်ခရိုင်ရုံး ဖွဲ့စည်းပုံအား ဖျက်သိမ်းလိုက်သည် -

**စဉ် တိုးချဲ့ဖွဲ့စည်းမည့်ခရိုင်ရုံး**

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်

(ခ) စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်

(ဂ) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်

(ဃ) ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်

(င) ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်

(စ) ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်

ချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) (၂) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ပြည်ထောင်စုဝန်ကြီးရုံး/ဦးစီးဌာနသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင် ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့သွတ်သွင်းခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး | လက်ရှိတာဝန်ကျ ဌာန | ပြောင်းရွှေ့သွတ်သွင်း ခန့်ထားမည့်ဌာန |
|---|---|---|---|
| (က) | ဒေါက်တာမိုးမိုးခိုင် ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုဝန်ကြီးရုံး | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန |
| (ခ) | ဒေါက်တာခင်ဥမ္မာလွင် ဒုတိယညွှန်ကြားရေးမှူး | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | ပြည်ထောင်စုဝန်ကြီးရုံး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များအရ ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၆) ဦးတို့အား ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဦးစောလားဖောဝါး | ညွှန်ကြားရေးမှူး |
| (ခ) | ဒေါ်အေးအေးဇော် | ညွှန်ကြားရေးမှူး |
| (ဂ) | ဦးစောအောင်ရဲထွန်းလွင် | ညွှန်ကြားရေးမှူး |
| (ဃ) | ဦးမင်းနောင် | ညွှန်ကြားရေးမှူး |
| (င) | ဦးလှဝင်း | ညွှန်ကြားရေးမှူး |
| (စ) | ဦးသံချောင်း | ညွှန်ကြားရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များအရ ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၆) ဦးတို့အား ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်သွားမည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဦးထွန်းတင် | ဒုတိယညွှန်ကြားရေးမှူး |
| (ခ) | ဦးခင်မောင်ထွန်း | ဒုတိယညွှန်ကြားရေးမှူး |
| (ဂ) | ဒေါက်တာသန်းသန်းလွင် | ဒုတိယညွှန်ကြားရေးမှူး |

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (ဃ) | ဦးမြတ်ကျော် | ဒုတိယညွှန်ကြားရေးမှူး |
| (င) | ဦးစိုးမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူး |
| (စ) | ဒေါ်အေးအေးဝင်း | ဒုတိယညွှန်ကြားရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များအရ ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၆) ဦးတို့အား ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်သွားမည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဦးစောဖွန်စမိုက် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ခ) | ဦးတင့်အောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဂ) | ဒေါ်မြင့်မြင့်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဃ) | ဦးဇော်မြင့်နိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (င) | ဦးအောင်သန်းဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| (စ) | ဦးလှမင်းဇော် | လက်ထောက်ညွှန်ကြားရေးမှူ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ(နည်းပညာ) (၄) ဦးတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့နှင့်ယှဉ်တွဲပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်/တိုးမြှင့် ရာထူး | လက်ရှိတာဝန်ကျ ဒေသ | ပြောင်းရွှေ့တာဝန်ချထားမည့် ဒေသ |
|---|---|---|---|
| (က) | ဒေါ်သန်းသန်းခိုင် လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | သာယာဝတီခရိုင် | ကရင်ပြည်နယ် |
| (ခ) | ဒေါ်မြသင်းငွေ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |

| စဉ် | အမည်/တိုးမြှင့်ရာထူး | လက်ရှိတာဝန်ကျဒေသ | ပြောင်းရွှေ့တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| (ဂ) | ဦးဇင်လင်းထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(နည်းပညာ) | တွံတေးမြို့နယ် | ကချင်ပြည်နယ် |
| (ဃ) | ဦးပြည့်စုံဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(နည်းပညာ) | ကျိုက်မရောမြို့နယ် | ချင်းပြည်နယ် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၆)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ၏ (၁၉/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအဆင့်ဆင့်မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၁၂) ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး (၂၈) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်/ရာထူး | လက်ရှိတာဝန်ကျဒေသ | ပြောင်းရွှေ့တာဝန်ချထားမည့်ဒေသ |
|---|---|---|---|
| ၁ | ဦးဟန်မြင့်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | စစ်ကိုင်းခရိုင် | ကယားပြည်နယ် |
| ၂ | ဦးဝင်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | ဂန့်ဂေါခရိုင် | ဂန့်ဂေါခရိုင် |
| ၃ | ဦးဇော်မြဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | မကွေးတိုင်းဒေသကြီး | ကချင်ပြည်နယ်<br>(ရုံးချုပ်တွဲဖက်) |
| ၄ | ဦးကျော်ဆန်းဌေး<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | မင်းဘူးခရိုင် | ကရင်ပြည်နယ် |
| ၅ | ဦးကျော်မင်းနောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | မြင်းခြံခရိုင် | ညောင်ဦးခရိုင် |
| ၆ | ဦးမြင့်အောင်<br>ဒုတိယညွှန်ကြားရေးမှူး | ရုံးချုပ် | မိုင်းဆတ်ခရိုင်<br>(ရုံးချုပ်တွဲဖက်) |
| ၇ | ဒေါ်ဘေဘီသန်း<br>ဒုတိယညွှန်ကြားရေးမှူး | ရုံးချုပ် | တနင်္သာရီ<br>တိုင်းဒေသကြီး |
| ၈ | ဦးအောင်ကြီး<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | သရက်ခရိုင် | သရက်ခရိုင် |

| စဉ် | အမည်/ရာထူး | လက်ရှိတာဝန်ကျ ဒေသ | ပြောင်းရွှေ့တာဝန်ချထားမည့် ဒေသ |
|---|---|---|---|
| ၉ | ဦးဇော်မိုး<br>ဒုတိယညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး | သာယာဝတီခရိုင် |
| ၁၀ | ဦးဘသိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(နည်းပညာ) | ကယားပြည်နယ် | ပဲခူးတိုင်းဒေသကြီး |
| ၁၁ | ဦးတင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး | ကရင်ပြည်နယ် | ကျောက်ဖြူခရိုင်<br>(ရုံးချုပ်တွဲဖက်) |
| ၁၂ | ဦးဇော်မင်းကြည်<br>ဒုတိယညွှန်ကြားရေးမှူး | တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ်<br>(ရုံးချုပ်တွဲဖက်) |
| ၁၃ | ဦးညဏ်ဝင်းပိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ရုံးချုပ် | ရုံးချုပ် |
| ၁၄ | ဦးထွန်းကျော်ကျော်မျိုး<br>လက်ထောက်ညွှန်ကြားရေးမှူး | ဝန်းသိုမြို့နယ် | ဗန်းမော်မြို့နယ် |
| ၁၅ | ဦးတင်မောင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး | ပျဉ်းမနားမြို့နယ် | ပျဉ်းမနားမြို့နယ် |
| ၁၆ | ဒေါ်အေးမွန်ထက်<br>လက်ထောက်ညွှန်ကြားရေးမှူး | အင်းတော်မြို့နယ် | စစ်ကိုင်းမြို့နယ် |
| ၁၇ | ဒေါ်ဥမ္မာထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(နည်းပညာ) | မြင်းခြံခရိုင် | မြင်းခြံခရိုင် |
| ၁၈ | ဦးဇင်လင်းထက်<br>လက်ထောက်ညွှန်ကြားရေးမှူး | ရုံးချုပ် | တပ်ကုန်းမြို့နယ်<br>(ရုံးချုပ်တွဲဖက်) |
| ၁၉ | ဒေါ်ငုဝါထွေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(နည်းပညာ) | ကျောက်တံခါးမြို့နယ် | တောင်ငူမြို့နယ် |
| ၂၀ | ဦးနေလင်းစိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(နည်းပညာ) | ပုသိမ်ခရိုင် | ဧရာဝတီတိုင်းဒေသကြီး |
| ၂၁ | ဦးပြည့်ဖြိုးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ရုံးချုပ် | ရုံးချုပ် |
| ၂၂ | ဦးဆက်နိုင်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး | ရုံးချုပ် | လယ်ဝေးမြို့နယ်<br>(ရုံးချုပ်တွဲဖက်) |
| ၂၃ | ဦးတင်ကိုထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး | မင်းတပ်မြို့နယ် | ချင်းပြည်နယ် |
| ၂၄ | ဦးရဲမင်းထိုက်<br>လက်ထောက်ညွှန်ကြားရေးမှူး | မြင်းမူမြို့နယ် | မိုးညှင်းခရိုင် |
| ၂၅ | ဒေါ်သီတာဝင်းစံ<br>လက်ထောက်ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး |

| စဉ် | အမည်/ရာထူး | လက်ရှိတာဝန်ကျ ဒေသ | ပြောင်းရွှေ့တာဝန်ချထားမည့် ဒေသ |
|---|---|---|---|
| ၂၆ | ဒေါ်မေသက်နိုင် လက်ထောက်ညွှန်ကြားရေးမှူး | မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး |
| ၂၇ | ဒေါ်မိုးဝါမြင့် လက်ထောက်ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး | ကရင်ပြည်နယ် (တိုင်းရင်းသား ကျေးရွာတွဲဖက်) |
| ၂၈ | ဒေါ်ကျော့ကျော့ခိုင် လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | သာယာဝတီခရိုင် | ကရင်ပြည်နယ် |
| ၂၉ | ဒေါ်မြသက်ထွေး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | မကွေးမြို့နယ် | မင်းဘူးခရိုင် |
| ၃၀ | ဦးဇေယျာမင်း လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | ရှမ်းပြည်နယ် | လွိုင်လင်ခရိုင် |
| ၃၁ | ဒေါ်ချိုချိုမာ လက်ထောက်ညွှန်ကြားရေးမှူး | မိတ္ထီလာခရိုင် | သရက်ခရိုင် |
| ၃၂ | ဦးထွန်းကျော် လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | ဇန်းမော်မြို့နယ် | စစ်ကိုင်းခရိုင် |
| ၃၃ | ဦးသိဏ်းမောင် လက်ထောက်ညွှန်ကြားရေးမှူး | ကောလင်းမြို့နယ် | ကသာခရိုင် |
| ၃၄ | ဦးသောင်းမြင့် လက်ထောက်ညွှန်ကြားရေးမှူး | ကသာခရိုင် | ကောလင်းမြို့နယ် |
| ၃၅ | ဒေါ်သန်းသန်းမြင့် လက်ထောက်ညွှန်ကြားရေးမှူး | ချင်းပြည်နယ် | မုံရွာခရိုင် (စစ်ကိုင်းတိုင်းတွဲဖက်) |
| ၃၆ | ဦးထွန်းခင် လက်ထောက်ညွှန်ကြားရေးမှူး | မြောက်ဦးမြို့နယ် | မွန်ပြည်နယ် |
| ၃၇ | ဒေါ်စန်းစန်းငွေ လက်ထောက်ညွှန်ကြားရေးမှူး | ရုံးခွဲ (လားရှိုး) | လားရှိုးခရိုင် |
| ၃၈ | ဦးခင်ဇော် လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) | လားရှိုးခရိုင် | ရုံးခွဲ (လားရှိုး) |
| ၃၉ | ဒေါ်လွင်လွင်ဦး လက်ထောက်ညွှန်ကြားရေးမှူး | ရုံးချုပ် | တောင်ကြီးခရိုင် |
| ၄၀ | ဦးစိုးလွင် လက်ထောက်ညွှန်ကြားရေးမှူး | ရုံးချုပ် | ကျိုင်းတုံမြို့နယ် |

အုန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၃၂။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးလှမြင့်အောင် အား စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ရာထူးနေရာသို့ **၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍** တိုးမြှင့်ခန့်ထားလိုက်သည်။

မြင့်လှိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်းဝင် ဒုတိယလေယာဉ်မှူးကြီး ဦးစိုင်းနောင်လတ် (လရ-၄၃၁၃) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်းဝင် လေယာဉ်မှူး ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၈ ရက်)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်းဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းဦး အား လုပ်ငန်းလိုအပ်ချက်အရ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်းဝင် လက်ထောက်အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ စာအမှတ်၊ ၂၂/၁၁၅-ခန့်ထား/အဖရ (၂၀၁၆) အရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဝန်ကြီးရုံး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ/လက်ထောက်မန်နေဂျာ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ တပ်မတော်မှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားပြီး ဦးစီးအရာရှိ (နေ့စား) အဖြစ် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ PCO အရာရှိ (၁၉) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရာထူး/လစာနှုန်း/ဌာနများအတိုင်း ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (နံနက်ပိုင်း) မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့်/အမည် | ခန့်အပ်သည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (က) | ကြည်း ၂၄၄၃၂ | ဗိုလ်ကြီး အောင်နိုင် (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (ခ) | ကြည်း ၂၄၄၃၄ | ဗိုလ်ကြီး အောင်နိုင်ဦး (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန |
| (ဂ) | ကြည်း ၂၄၄၄၅ | ဗိုလ်ကြီး စိုးလွင် (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ကြီးရုံး |
| (ဃ) | ကြည်း ၂၄၄၀၀ | ဗိုလ်ကြီး တင်ထွန်း (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (င) | ကြည်း ၂၄၄၀၈ | ဗိုလ်ကြီး စန်းမောင် (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန |
| (စ) | ကြည်း ၂၄၄၂၈ | ဗိုလ်ကြီး ဇော်မင်းထွန်း (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန |
| (ဆ) | ကြည်း ၂၄၃၉၅ | ဗိုလ်ကြီး လှသွင် (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့်/အမည် | ခန့်အပ်သည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (ဇ) | ကြည်း ၂၄၄၂၃ | ဗိုလ်ကြီး ဇော်မင်း (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ဈ) | ကြည်း ၂၄၄၄၀ | ဗိုလ်ကြီး အောင်နိုင်ဦး (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ည) | ကြည်း ၂၄၄၁၁ | ဗိုလ်ကြီး စိုင်းသိန်းဦး (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ဋ) | ကြည်း ၂၄၃၉၇ | ဗိုလ်ကြီး မိုးခိုင် (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ကြီးရုံး |
| (ဌ) | ကြည်း ၂၄၄၂၀ | ဗိုလ်ကြီး ဉာဏ်ထွေး (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ဍ) | ကြည်း ၂၅၄၇၉ | ဗိုလ်ကြီး ဝင်းအောင်မြင့် (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ဎ) | ကြည်း ၂၄၃၉၈ | ဗိုလ်ကြီး အောင်ကျော်ဆွေ (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ဏ) | ကြည်း ၂၄၄၀၇ | ဗိုလ်ကြီး မောင်မောင်မြင့် (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (တ) | ကြည်း ၂၄၄၂၇ | ဗိုလ်ကြီး မြဌေး (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |
| (ထ) | ကြည်း ၂၄၄၄၇ | ဗိုလ်ကြီး အေးလွင် (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဝန်ကြီးရုံး |
| (ဒ) | ကြည်း ၂၄၄၀၁ | ဗိုလ်ကြီး တင်အေး (ငြိမ်း) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (ဓ) | ကြည်း ၂၅၆၁၁ | ဗိုလ်ကြီး နေဝင်းစိုး (ငြိမ်း) | လက်ထောက်မန်နေဂျာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မြန်မာ့စာတိုက်လုပ်ငန်း |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၆)**
၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ စာအမှတ်၊ ၂၇/၁၂၇-ပြောင်းရွှေ့/အဖရ (၂၀၁၆) အရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်းဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိန် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ၊ ရာထူးတူနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေး ကိစ္စနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) မှ အတည်ပြုပြီးဖြစ်ပါသဖြင့် အဆိုပါအရာထမ်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် သိမ်းသွင်းခန့်အပ်နိုင်ရေးအတွက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ဝန်ထမ်းအင်အားစာရင်းမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (ညနေပိုင်း) မှစ၍ စွန့်လွှတ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆)**
၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၄/၁၁၅-ခန့်ထား/အဖရ (၂၀၁၆) အရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံး၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့်သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာများတွင် တပ်မတော်မှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားပြီး ဦးစီးအရာရှိ (နေ့စား) အဖြစ် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ PCO အရာရှိ (အငြိမ်းစား) ဗိုလ်မှူးအဆင့် (၅) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရာထူး/လစာနှုန်း/ဌာနများအတိုင်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (နံနက်ပိုင်း) မှစ၍ ခန့်ထားလိုက်သည် -

| စဉ် ပြန်တမ်းဝင်အမှတ် | အဆင့်/အမည် | ခန့်အပ်သည့် ရာထူး/လစာနှုန်း/ဌာန |
|---|---|---|
| (က) ကြည်း ၁၇၃၆၁ | ဗိုလ်မှူးအောင်လင်းဦး (ငြိမ်း) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန |
| (ခ) ကြည်း ၁၇၃၉၀ | ဗိုလ်မှူးဝင်းဆွေ (ငြိမ်း) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (ဂ) ကြည်း ၁၉၀၆၀ | ဗိုလ်မှူးတင်သိန်း (ငြိမ်း) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန |

| စဉ် ပြန်တမ်းဝင်အမှတ် | အဆင့်/အမည် | ခန့်အပ်သည့် ရာထူး/လစာနှုန်း/ဌာန |
|---|---|---|
| (ဃ) ကြည်း ၂၂၃၁၆ | ဗိုလ်မှူးထင်ဇော် (ငြိမ်း) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဝန်ကြီးရုံး |
| (င) ကြည်း ၁၈၁၄၄ | ဗိုလ်မှူးအောင်တင်ရှိန် (ငြိမ်း) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၉/၁၀၅ ပြောင်းရွှေ့/အဖရ (၂၀၁၆) အရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်းဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသူဟိန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ၊ ရာထူးတူနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၆) မှ အတည်ပြုပြီးဖြစ်ပါသဖြင့် အဆိုပါအရာထမ်းအား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သိမ်းသွင်းခန့်အပ်နိုင်ရေးအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ ဝန်ထမ်းအင်အားစာရင်းမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (ညနေပိုင်း) မှစ၍ စွန့်လွှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၆ အရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သော အမှတ် (၂၉၇) ခြေလျင်တပ်ရင်းမှ ကြည်း ၅၆၀၁၇ ဗိုလ်ကြီးဇင်မင်းကျော် အား ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်းဝင် ရာထူးနေရာ၌ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက် (နံနက်ပိုင်း) မှစ၍ ခန့်အပ်လိုက်သည်။

ဇေယျာအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၃၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရှိ ပေါက်တောကြိုးဝိုင်းအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄၈. ၃၆) ဧကရှိမြေကို (၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ပေါက်တောကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | ပဲခူး | တောင်ငူ | အုတ်တွင်း | ၁၄၈. ၃၆ |
| **စုစုပေါင်း** | | | | | **၁၄၈. ၃၆** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**အမှတ် (၆) တပ်မတော်လေ့ကျင့်ရေးကျောင်းမှ တပ်ပိုင်မြေအဖြစ် ထပ်မံတိုးချဲ့မည့်ဧရိယာ (၁၄၈. ၃၆) ဧက နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (A-739840) မှ အရှေ့ဘက်စူးစူးသို့ (၁၂၇၄) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752840) ထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်စူးစူးသို့ (၆၂၁) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752834) ထိ၊ ထိုမှ အနောက်ဘက်စူးစူးသို့ (၃၄၃) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-748834) ထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၄၄၆) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-748829) ထိ၊ ထိုမှ အရှေ့ဘက်စူးစူးသို့ (၃၄၃) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752829) ထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၂၉၂) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752826) ထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၅၄၂) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-747829) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂၁၂) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-745831) ထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်စူးစူးသို့ (၁၀၀၈) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း (A-738838) ထိ၊ ထိုမှ မြောက်ဘက်စူးစူးသို့ (၁၆၆) ကိုက်လာရာ မူလစတင်ခဲ့သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (A-739840) အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရှိ ပေါက်တောကြိုးဝိုင်း၊ အကွက်အမှတ် (၁၄) အတွင်းမှ ဧရိယာ (၁၄၈. ၃၆) ဧကအား အမှတ် (၆) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၏ သင်တန်းသားများလေ့ကျင့်ရန် အမှန်တကယ်လိုအပ်သောဧရိယာဖြစ်သဖြင့် တပ်ပိုင်မြေအဖြစ် ပြောင်းလဲ အသုံးပြုနိုင်ရန်အတွက် ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၃၁/၂၀၁၆)

### ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၃၀/၂၀၁၆) အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့်ကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရှိ ပေါက်တောကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၉၀၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃၀) အရ ဧရိယာအကျယ်အဝန်း (၆၈၆၈) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ ပေါက်တောကြိုးဝိုင်းမှ ဧရိယာ (၅၂၇၆. ၉၂) ဧကအား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခု အဆိုပါကြိုးဝိုင်းမှ ဧရိယာ (၁၄၈. ၃၆) ဧကအား အမှတ် (၆) တပ်မတော်လေ့ကျင့်ရေးကျောင်း၏ တိုးချဲ့တပ်ပိုင်မြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန်အတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် ပေါက်တောကြိုးဝိုင်းကို ကျန်ရှိသည့်ဧရိယာအကျယ်အဝန်း (၁၄၄၂) ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

### ၂။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကြိုးဝိုင်းတောနယ်နိမိတ်များ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (A-739840) မှ မြောက်ဘက်သို့ ကိုက် (၁၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-739842) အထိ၊ ထိုမှ အရှေ့ဘက်သို့ ကိုက် (၁၄၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-753842) အထိ၊ ထိုမှ မြောက်ဘက်သို့ ကိုက် (၃၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-753846) အထိ၊ ထိုမှ အနောက်ဘက်သို့ ကိုက် (၁၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-744846) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၄၅၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-741848) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၂၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-751862) အထိ၊ ထိုမှ တောင်ဘက်သို့ ကိုက် (၁၆၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-756845) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့ဘက်သို့ ကိုက် (၃၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-759845) အထိ၊ ထိုမှ တောင်ဘက်သို့ ကိုက် (၅၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-759840) အထိ၊ ထိုမှ အရှေ့ဘက်သို့ ကိုက် (၈၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-768840) အထိ၊ ထိုမှ မြောက်ဘက်သို့ ကိုက် (၅၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-768845) အထိ၊ ထိုမှ အရှေ့ဘက်သို့ ကိုက် (၄၅၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-772845) အထိ၊ ထိုမှ ရေသိုးချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ကိုက် (၁၂၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-790843) အထိ။

တောင်ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ကိုက် (၈၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-791836) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကိုက် (၃၂၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-765820) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၁၅၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752826) အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ကိုက် (၁၉၂) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752829) အထိ၊ ထိုမှ အနောက်ဘက်သို့ ကိုက် (၃၄၃) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-748829) အထိ၊ ထိုမှ မြောက်ဘက်သို့ ကိုက် (၄၄၆) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-748834) အထိ၊ ထိုမှ အရှေ့ဘက်သို့ ကိုက် (၃၄၃) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752834) အထိ၊

ထိုမှ မြောက်ဘက်သို့ ကိုက် (၆၂၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (A-752840) အထိ၊ ထိုမှ အနောက်ဘက်သို့ ကိုက် (၁၂၇၄) ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (A-739840) အထိ။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၄၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)

### ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်အတွင်းရှိ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၃၊၅၄) အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆. ၂၀) ဧကရှိမြေကို (၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ကုလားမတောင်ကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | မွန် | သထုံ | ပေါင် | ၆. ၂၀ |
| **စုစုပေါင်း** | | | | | **၆. ၂၀** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ဗန္ဓိသေလာဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦ မြေဧရိယာ (၆. ၂၀) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (N-092169) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၁၂၁) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-092169) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃၄၉) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-093170) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၂၅၈) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-093169) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃၃၁) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-093167) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၅၂၃) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-092167) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၉၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-091167) အထိ၊ ထိုမှ မြောက်ဘက်သို့ (၆၂၆) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-091168) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁၇၅) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-092169) အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၃၊၅၄) အတွင်းမှ ဧရိယာ (၆. ၂၀) ဧကအား ဗန္ဓိသေလာဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦမြေအဖြစ် လွှဲပြောင်းအသုံးပြုနိုင်ရန်အတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၄၅/၂၀၁၆)
### ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၄၄/၂၀၁၆) အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့်ကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ ကုလားမတောင်ကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၉/၁၉၀၉) အရ ဧရိယာအကျယ်အဝန်း (၃၅၂၆၂) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါကြိုးဝိုင်းတောမှ ဧရိယာ (၁၅၃၀. ၇၁) ဧကအား ပယ်ဖျက်ပေးခဲ့ပြီး ယခု ဧရိယာ (၆. ၂၀) ဧကအား ဗန္ဓိသေလာဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦမြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် ကုလားမတောင်ကြိုးဝိုင်းကို ကျန်ရှိဧရိယာအကျယ်အဝန်း (၃၃၇၂၅) ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည့် နယ်နိမိတ်များ**

မြောက်ဘက် ။ ။ သထုံမြို့နယ်နှင့် ပေါင်မြို့နယ် နယ်နိမိတ်ခြားဖြစ်သော ကျောက်ရေတွင်းကျေးရွာအရှေ့ဘက် ကျောက်ရေတွင်းချောင်း ခန့်မှန်းမြေပုံညွှန်း (N-994370) မှအစပြု၍ မူလကုလားမတောင်ကြိုးဝိုင်းနယ်နိမိတ်လမ်းကြောင်းအတိုင်း မြောက်ဘက်သို့လာရာ ယင်းငြိမ်-သထုံ-ကြက်တူရွေး သောင်သွား မော်တော်ကားလမ်း ခွဆုံရောက်သည်အထိ၊ ထိုမှ ကားလမ်းကိုဖြတ်ကျော်၍ အနောက်မြောက်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း လာရာခန့်မှန်းမြေပုံညွှန်း (N-968470) ရှိ မုတ္တမတောင်တန်း တောင်ကျောရောက်သည်အထိ၊ ထိုမှမူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့လာရာ ခန့်မှန်းမြေပုံညွှန်း (N-000472) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်းလာရာ သထုံ-ကြက်တူရွေး သောင်သွား ကားလမ်းရောက်သည်အထိ၊ ထိုမှ ကားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ လာရာ ခန့်မှန်းမြေပုံညွှန်း (N-000435) အထိ၊ ထိုမှ မူလကြိုးဝိုင်း နယ်နိမိတ်အတိုင်း မုတ္တမတောင်တန်း တောင်ခြေကိုပတ်၍လာရာ တောင်ကြားရွာအနီး ခန့်မှန်းမြေပုံညွှန်း (N-008428) ရှိ ကားလမ်းဘေးချောင်းလက်တက်ခွဆုံအထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့လာရာ သထုံမြို့နယ်နှင့် ပေါင်မြို့နယ် နယ်နိမိတ်ခြားရောက်သည်အထိ ခန့်မှန်းမြေပုံညွှန်း (N-070310)။

အရှေ့ဘက် ။ ။ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့လာရာ ခန့်မှန်းမြေပုံညွှန်း (N-086302) အထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့လာရာ အိုင်ဖြစ်ချောင်း ခန့်မှန်းမြေပုံညွှန်း (N-122232) ရောက်သည်အထိ၊ ထိုမှ အနောက်ဘက်သို့ (၃၀၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-112229) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၅၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-110226) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၈၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-109205) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃၀၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-105257) အထိ၊ ထိုမှ အနောက်ဘက်စူးစူးသို့ (၄၅၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-090236) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁၅၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-086238) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂၀၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-083230) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၂၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-084227) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂၁၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

(N-083220) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄၀၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-090210) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃၀၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-100204) အထိ၊ ထိုမှ အရှေ့ဘက်စူးစူးသို့ (၁၅၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-105204) အထိ၊ ၎င်းမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့လာရာ ရေတံခွန်ချောင်းရောက်သည်အထိ၊ ထိုမှ ရေတံခွန်ချောင်းဖြတ်ကျော်၍ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့လာရာ နတ်ကြီးချောင်းရွာသွား လှည်းလမ်းရောက်သည်အထိ ခန့်မှန်းမြေပုံညွှန်း (N-127143)။

တောင်ဘက် ။ ။ ထိုမှ မူလကုလားမတောင်ကြိုးဝိုင်းတောင်ဘက် နယ်နိမိတ်လမ်းကြောင်းအတိုင်း အနောက်ဘက်သို့လာရာ အကွက်အမှတ် (၅၂) မြောက်ဘက်နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (N-065150) ရောက်သည်အထိ။

အနောက်ဘက် ။ ။ ထိုမှ မူလကုလားမတောင်ကြိုးဝိုင်း အနောက်ဘက် နယ်နိမိတ်လမ်းကြောင်းအတိုင်း အနောက်မြောက်ဘက်သို့လာရာ ဇင်းကျိုက်ရွာအနီး အကွက်အမှတ် (၄၅) တောင်ဘက်နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (N-010233) ရောက်သည်အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့လာရာ ခန့်မှန်းမြေပုံညွှန်း (N-985305) ရှိ ကဒိုက်ရွာသွား ကားလမ်းရောက်သည်အထိ၊ ၎င်းမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ဇင်းကျိုက်တောင်ခြေကိုပတ်၍လာရာ ကဒိုက်ချောင်းရောက်သည်အထိ၊ ထိုမှ ကဒိုက်ချောင်းအတိုင်း အရှေ့တောင်ဘက်သို့လာရာ ကဒိုက်ချောင်းလက်တက်အထိ၊ ထိုမှ ချောင်းလက်တက်အတိုင်း အရှေ့တောင်ဘက်သို့လာရာ အကွက်အမှတ် (၄၀) တောင်ဘက်နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (N-020302)ရှိ ဇင်းကျိုက်တောင်ခြေရောက်သည်အထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့လာရာ ကဒိုက်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (N-062242) ရောက်သည်အထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်လမ်းကြောင်း မြောက်ဘက်သို့လာရာ သထုံမြို့နယ်နှင့် ပေါင်မြို့နယ် နယ်နိမိတ်ခြား ခန့်မှန်းမြေပုံညွှန်း (N-052304) ရှိ မုတ္တမတောင်တန်း တောင်ကျောရောက်သည်အထိ၊ ထိုမှ တောင်ကျောအတိုင်း မြောက်ဘက်သို့လာရာ တောင်ကုန်းအမြင့် (၁၀၇၀) ပေရှိ ပန်းတိမ်ချောင်းဖျားရောက်သည်အထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အနောက်ဘက်သို့ ကျောက်ရေတွင်း တောင်ခြေကိုပတ်၍လာရာ ပန်းတိမ်ချောင်းလက်တက်၊ တံခွန်တိုင်ချောင်းတို့ကိုဖြတ်ကျော်၍ ပေါက်တောချောင်း ရောက်သည်အထိ၊ ထိုမှ ပေါက်တောချောင်းကိုဖြတ်ကျော်၍ ကျောက်ရေတွင်းချောင်းဖျား ရေဝေကျောအတိုင်း အရှေ့ဘက်သို့လာရာ ကျောက်ရေတွင်းချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (N-015366) ရောက်သည်အထိ၊ ထိုမှ အနောက်ဘက်သို့ ရေဝေကျောအတိုင်း ချောင်းဖျားလက်တက်များ ဖြတ်ကျော်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (N-994370) ရှိ သထုံမြို့နယ်နှင့် ပေါင်မြို့နယ် နယ်နိမိတ်ခြားဖြစ်သော ကျောက်ရေတွင်းရွာအနီး ကျောက်ရေတွင်းချောင်း ရောက်သည်အထိ။

၃။ **ချန်လှပ်ကွက်နယ်နိမိတ်များ**

**ချန်လှပ်ကွက် (၁) နန်းဗိုလ်လင်းစေတီတော်နှင့်ဘုန်းတော်ကြီးကျောင်းမြေဧရိယာ (၃. ၆) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ကုလားမတောင်ကြိုးဝိုင်းအကွက်အမှတ် (၄၁) ၏ အနောက်မြောက်ထောင့်နားတွင်ရှိ ပိုးပုတ်ချောင်းလက်တက်နှင့် လှည်းလမ်းအကြား ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (က) မှအစပြု၍ အရှေ့မြောက်ဘက်စူးစူးသို့ (၃၉၆) ပေခန့်လာရာ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ခ) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်စူးစူးသို့ (၃၉၆) ပေခန့်လာရာ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဂ) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်စူးစူးသို့ (၃၉၆) ပေခန့်လာရာ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဃ) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်စူးစူးသို့ (၃၉၆) ပေခန့်လာရာ မူလစတင်ခဲ့သည့် ယာယီ သတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (က) နှင့်ဆုံသည်အထိ။

**ချန်လှပ်ကွက် (၂) ဘုရားတစ်ထောင်ကျောင်းတိုက်သာသနာ့မြေဧရိယာ (၄) ဧက၏ နယ်နိမိတ် အလားအလာ**

မြောက်ဘက် ။ ။ ကုလားမတောင်ကြိုးဝိုင်း အကွက်အမှတ် (၄၅) အတွင်း တောင်တက်ကားလမ်းအနီးရှိ ကစွယ်ပင်မှအစပြု၍ အရှေ့တောင်ယွန်းယွန်းသို့ (၈၈) ကိုက်ခန့်လာရာ အနန်းဖိုပင် အထိ။

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁၇၆) ကိုက်ခန့်လာရာ ဝက်သစ်ချပင်အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၈၈) ကိုက်ခန့်လာရာ တောင်တက်ကားလမ်းနှင့် ဆုံသည်အထိ။ ထိုမှ (၁၁၀) ကိုက်ခန့်လာရာ တောင်တက်လူသွားလမ်းနှင့် ဆုံသည်အထိ။

အနောက်ဘက် ။ ။ ထိုမှ တောင်တက်လူသွားလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၄၄) ကိုက်ခန့်လာပြီး၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၁၁၀) ကိုက်ခန့်လာရာ တောင်တက်ကားလမ်းနှင့်ဆုံသည် အထိ။ ထိုမှ တောင်တက်ကားလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၁၃၂) ကိုက်ခန့်လာရာ မူလစတင်ရာ ကစွယ်ပင်အထိ။

**ချန်လှပ်ကွက် (၃) ဗားမဲ့ကုန်းအောင်မြေတောရကျောင်းမြေဧရိယာ (၅) ဧက၏ နယ်နိမိတ် အလားအလာ**

မြောက်ဘက် ။ ။ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၄၄) အတွင်း ဗားမဲ့ကုန်းတောင်တက်ကားလမ်းရှိ ခန့်မှန်းမြေပုံညွှန်း (N-010255) မှ အရှေ့မြောက်ဘက်သို့ ကားလမ်းအတိုင်း (၆) သံကြိုး အကွာရှိ မကသဲချောင်းအထိ၊ ခန့်မှန်းမြေပုံညွှန်း (N-012255)။

အရှေ့ဘက် ။ ။ ထိုမှ မကသဲချောင်းအတိုင်း အရှေ့တောင်ဘက်သို့ (၁၀) သံကြိုးအကွာရှိ ဇင်းကျိုက် တောင်တက်ဘုရားလမ်းအထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ဇင်းကျိုက်တောင်တက်ဘုရားလမ်းအတိုင်း (၅) သံကြိုး အကွာရှိ ခန့်မှန်းမြေပုံညွှန်း (N-012254) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၈) သံကြိုးအကွာရှိ မူလစတင်သည့်နေရာအထိ။

**ချန်လှပ်ကွက် (၄) အမှတ် (၁၀၀၇) လေကြောင်းရန် ကာကွယ်ရေးတပ်ရင်း၊ ကုလားမတောင် ရေဒါစခန်း မြေဧရိယာ (၂၀၆. ၆၀) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ကုလားမတောင်ကြိုးဝိုင်း အကွက်အမှတ် (၄၆) ဧရိယာအတွင်း ခန့်မှန်းမြေပုံညွှန်း (N-040230) မှ အရှေ့စူးစူးသို့ အကွက်အမှတ် (၃၆) ဧရိယာအတွင်း ခန့်မှန်းမြေပုံညွှန်း (N-050230) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်စူးစူးသို့ အကွက်အမှတ် (၃၅) ဧရိယာအတွင်း ခန့်မှန်းမြေပုံညွှန်း (N-050220) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်စူးစူးသို့ အကွက်အမှတ် (၄၇) ဧရိယာအတွင်း ခန့်မှန်းမြေပုံညွှန်း (N-040220) အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်စူးစူးသို့ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (N-040230) ရောက်သည်အထိ။

**ချန်လှပ်ကွက် (၅) အထက်ရေတံခွန်သိမ်ကျောင်းမြေ (၄. ၅၀) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ရေတံခွန်ချောင်းနှင့် အထက်ရေတံခွန်သိမ်ကျောင်း အရှေ့ဘက်မှစီးဝင်သော ချောင်းလက်တက်နှင့်ပေါင်းဆုံရာ ချောင်းဆုံအမှတ် ခန့်မှန်းမြေပုံညွှန်း (N-101202) မှ အနောက်မြောက်ဘက်သို့ (၇၆၅) ပေခန့်လာရာ မူလစမှတ် ခန့်မှန်းမြေပုံညွှန်း (N-100204) မှ တောင်ဘက်သို့ (၁၂၁) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-099204) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၃၉၂) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-100202) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁၀၅) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-100203) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅၄၇) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-098203) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၁၇၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-098204) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၅၃၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-100204) အထိ။

**ချန်လှပ်ကွက် (၆) ဗန္ဓိသေလာဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦမြေဧရိယာ (၆. ၂၀) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (N-092169) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၁၂၁) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-092169) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃၄၉) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-093170) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၂၅၈) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-093169) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃၃၁) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-093167) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၅၂၃) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-092167) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၉၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-091167) အထိ၊ ထိုမှ မြောက်ဘက်သို့ (၆၂၆) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-091168) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁၇၅) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-092169) အထိ။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စွမ်းအင်ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ဌာနနှင့်စက်ရုံများရှိ ကုန်ထုတ်ဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊

အောက်ဖော်ပြပါပုဂ္ဂိုလ် (၃) ဦးအား လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ပေးသည့်ရာထူး/လစာနှုန်း |
၁။ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅) ခုနှစ်၊ အခန်း (၄) ပုဒ်မ (၆) (က) အရ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမြင့်ဆွေ | ပါမောက္ခချုပ် (ငြိမ်း)၊ မြိတ်တက္ကသိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာခင်အေး | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာလွင်လွင်စိုး | ပါမောက္ခချုပ် (ငြိမ်း) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ယ) | ဒေါက်တာခင်မာထွန်း | ဒုတိယပါမောက္ခချုပ် (ငြိမ်း) ရန်ကုန်အဝေးသင်တက္ကသိုလ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာခင်မာကြူ | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာတင်တင်အေး | ပါမောက္ခ (ငြိမ်း) သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဒေါ်အေးကြည် | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်မောင်အေး | တာဝန်ခံပါမောက္ခချုပ် (ငြိမ်း) ရန်ကုန်အဝေးသင်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာကျော်ဝင်း | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ည) | ဦးအောင်မြင့် | တာဝန်ခံပါမောက္ခချုပ် (ငြိမ်း) မုံရွာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်လှိုင် | ညွှန်ကြားရေးမှူး (ငြိမ်း) အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာဒေါ်မြကြွယ် | ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ပညာရေး သဘောတရားဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာစိုင်းကျော်နိုင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာသန်းထွဋ်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဇော်လတ်ထွန်း | ညွှန်ကြားရေးမှူး၊ သင်ရိုးဌာနခွဲ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီသည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ် ဆောင်ရွက်ရမည် -

(၁) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းစေရေး

(၂) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့်အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး

(၃) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူ ညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကိုတန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေး

(၄) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သောတန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိရေး

(၅) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး

(၆) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့်အခြေခံပညာရေးအဆင့် အသီးသီးအတွက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး

(၇) သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့်ရှိရေး

(၈) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့်ဆက်စပ်မှုရှိရေး

(၉) သင်ယူသူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များ ဖြစ်စေရေးနှင့် သင်ယူသူ၏အသက်အရွယ်သဘာဝနှင့် ကိုက်ညီမှုရှိစေရေး

(၁၀) ရှေ့ဦးအရွယ် ကလေးသူငယ် ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိစေရေး

(ခ) ကော်မတီသည် အမျိုးသားပညာရေးရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းစေရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(၁) အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများတွင် ပါဝင်သော သက်ဆိုင်ရာကောင်စီ၊ ကော်မတီအဖွဲ့များ သင်ရိုးညွှန်းတမ်းဆိုင်ရာ အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာပညာရှင်များအား ဖိတ်ခေါ်ဆွေးနွေးရန်

(၂) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့်နည်းပညာနှင့်သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေး သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိစေရေးအတွက် စိစစ်ဆောင်ရွက်ရန်

(၃) အခြေခံပညာအဆင့်အလိုက်နှင့် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းမူဘောင်များကို အခါအားလျော်စွာ သုံးသပ်ပြင်ဆင်၍ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်သို့ တင်ပြရန်

(၄) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် သင်ကြားသော အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို စိစစ်ကြပ်မတ်ရန်နှင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကား၊ ဘာသာရပ်များနှင့်ပတ်သက်၍ မူဝါဒချမှတ်ပေးရန်

(၅) အစိုးရကျောင်းများနှင့် အခြားကျောင်းများ၊ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် တန်းညှိပညာရေးအစီအစဉ်ဆိုင်ရာ အရည်အသွေးစံများသတ်မှတ်ခြင်းကို စိစစ်ဆောင်ရွက်ရန်

(၆) အဆင့်မြင့်ပညာကျောင်းများတွင် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်သည့် သင်ကြားသင်ယူမှုစနစ် ကျင့်သုံးခွင့်ရှိခြင်းကို အသိအမှတ်ပြုလျက် သင်ရိုးညွှန်းတမ်းများသည် အမျိုးသားပညာရေးမူဝါဒများနှင့်ကိုက်ညီခြင်း ရှိ/မရှိ သုံးသပ် အကြံပြုရန်

(ဂ) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားပညာရေးမူဝါဒကော်မရှင်သို့ အနည်းဆုံး သုံးလတစ်ကြိမ် အစီရင်ခံတင်ပြရမည်။

ဒေါက်တာမျိုးမြင့်
ဥက္ကဋ္ဌ
အမျိုးသားပညာရေးမူဝါဒကော်မရှင်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

နိုင်ငံတော်သမ္မတရုံး၊ စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး၊ ဖြည့်တင်းရေးနှင့်ပို့ဆောင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးကို အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လအား အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရေးရာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနစုမှူး ဦးခင်မောင်ကျော် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်ပြီး၊ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် )

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါဦးစီးအရာရှိသုံးဦးအား ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| ၁။ | ဒေါ်စုစုခိုင် | စာကြည့်တိုက်နှင့်မော်ကွန်းဌာနခွဲ၊ ဌာနစု (၇) |
| ၂။ | ဦးသန့်ဇင်ထွန်း | ဦးစီးရုံး |
| ၃။ | ဒေါ်နွယ်နီလှိုင် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရုံးဆိုင်ရာဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက် )

၁။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇) ကိုရည်ညွှန်း၍ ညွှန်ကြားရေးမှူး ဦးမောင်မှူးသည် အုပ်ချုပ်ရေးဌာနတွင် အလုပ်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်းအား ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၃၄၀,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၇)

၁။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၇) ကိုရည်ညွှန်း၍ အောက်ပါဒုတိယညွှန်ကြားရေးမှူး (၂) ဦးသည် ယှဉ်တွဲပါဌာနများတွင် အလုပ်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်-

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဒေါ်ဌေးဝင်းမြင့် | ငွေစာရင်းဌာနခွဲ |
| (ခ) | ဦးကျော်ဦး | အုပ်ချုပ်မှုနှင့်ဝန်ထမ်းရေးရာဌာနခွဲ |

၂။ အဆိုပါ အရာထမ်း (၂) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၃၁၀,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

ဖြိုး ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၄၈$^{၂၆၁၀}$/ဝါးတောချောင်းကွင်း၊ မြေကွက်အမှတ် (၁၀၅$^{၁၀၁}$) မှ မြေဧရိယာ **(၀. ၁၂)** ဧက၊ မြေကွက်အမှတ် (၁၀၆$^{၁၀၁}$) မှ မြေဧရိယာ **(၀. ၂၇)** ဧက၊ မြေကွက်အမှတ် (၁၀၇$^{၁၀၁}$) မှ မြေဧရိယာ **(၀. ၀၅)** ဧက၊ မြေကွက်အမှတ် (၁၀၈$^{၁၀၁}$) မှ မြေဧရိယာ **(၂၆. ၂၈) ဧက**၊ **စုစုပေါင်းမြေဧရိယာ (၂၆. ၇၂) ဧက**အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ **"မကွေးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ (ဂ) အရ အခွန်လွတ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၆၂၀$^{ဃ}$/ဒွိဂါမကွင်း)၊ ဦးပိုင်အမှတ် (၁၀/၁)မှ မြေဧရိယာ (၀. ၁၈) ဧကနှင့် ဦးပိုင်အမှတ် (၂၈) မှ မြေဧရိယာ (၀. ၃၂) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၅၀) ဧက**အား **အောင်ပြည်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန် အတွက် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၀နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

အမှတ် ၇/၂၀၁၇ ။ ။ ကြည်း ၆၂၈၂၉ ဗိုလ်ကြီး သက်နိုင်ဦး အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပယ်လိုက်သည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၉/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပယ် လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| ကြည်း | ၄၄၄၉၈ | ဗိုလ်ကြီး | နေဇော်အောင် | ၇-၁-၂၀၁၇ |
| ကြည်း | ၅၃၅၇၁ | ဗိုလ်ကြီး | အောင်ပြည်ငြိမ်း | ၇-၁-၂၀၁၇ |
| ကြည်း | ၅၂၉၃၅ | ဗိုလ်ကြီး | ဖြိုးကိုကို | ၁၀-၁-၂၀၁၇ |
| ကြည်း | ၆၈၇၆၈ | ဗိုလ် | ညဏ်လင်းထွန်း | ၁၀-၁-၂၀၁၇ |
| ကြည်း | ၄၄၀၀၃ | ဗိုလ်ကြီး | ငြိမ်းချမ်းဇေ | ၁၇-၁-၂၀၁၇ |

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အမှတ် ၁၀/၂၀၁၇။ ။ကြည်း ၆၃၉၈၂ ဗိုလ်စစ်ပိုင်ဟိန်း အား အကျဉ်းစစ်တရားရုံးချုပ်၏ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

အမှတ် ၁၁/၂၀၁၇ ။ ။ အင်န် ၃၁၀၅ ဗိုလ်ဇော်ထက် အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

အမှတ် ၁၄/၂၀၁၇။ ။ကြည်း ၅၈၀၄၂ ဗိုလ်ကြီး စိုးမိုးကျော်သူ အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

အမှတ် ၁၅/၂၀၁၇။ ။အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

| | | | |
|---|---|---|---|
| ကြည်း | ၁၆၆၉၃ | ဗိုလ်မှူး ဝင်းကို | ၁၄-၂-၂၀၁၇ |
| ကြည်း | ၆၄၆၉၃ | ဗိုလ်ကြီး စိုင်းမြတ်မိုး | ၁၄-၂-၂၀၁၇ |
| ကြည်း | ၃၆၈၁၉ | ဗိုလ်ကြီး ကျော်နိုင်ဦး | ၁၅-၂-၂၀၁၇ |

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၁၇/၂၀၁၇။ ။ကြည်း ၆၆၈၅၄ ဗိုလ်မိုးဟိန်းအောင် အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

အမှတ် ၁၈/၂၀၁၇။ ။အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

| | | |
|---|---|---|
| ကြည်း | ၄၅၁၂၆ | ဗိုလ်ကြီး ကျော်ဇင်ဦး |
| ကြည်း | ၄၇၇၇၀ | ဗိုလ်ကြီး ခိုင်ထူး |

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်)

အမှတ် ၁၉/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

ကြည်း ၅၂၉၂၄ ဗိုလ်ကြီး ကျော်ရဲရင့် ၁၅-၂-၂၀၁၇

ကြည်း ၄၃၆၃၂ ဗိုလ်ကြီး အောင်ကျော်စိုး ၂၄-၂-၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်)

အမှတ် ၂၀/၂၀၁၇ ။ ။ ကြည်း ၆၅၄၇၂ ဗိုလ်ကြီးရဲထွဋ်ဝင်း အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

အမှတ် ၁ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကချင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၁၉၈၀ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ အမှတ်စဉ် (၃၀) ဇယား "က" လမ်းမကြီးစာရင်းကို နုတ်ပယ်ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**
**ကချင်ပြည်နယ်**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏ မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏ မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်း၏ မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၃၀။ | ကသာ-ရွှေကူ-ဗန်းမော်လမ်း | - | - | ၂၁ | ၁ | - | - | - | - | စစ်ကိုင်းတိုင်းဒေသကြီးသို့ အပြီးအပိုင်လွှဲပြောင်းပါသည်။ (ကချင်ပြည်နယ်လမ်းစာရင်း အမှတ်စဉ် (၃၀) ရှိ(၈) မိုင်ကို ကချင်ပြည်နယ်စာရင်းမှ နုတ်ပယ်၍ မြေပြင်တွင် အမှန်တကယ် ရှိသော (၂၁) မိုင် (၁) ဖာလုံကို စစ်ကိုင်းတိုင်းဒေသကြီးစာရင်းတွင် ထည့်သွင်းပါသည်။) |

ကချင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်း မိုင်အရှည်ကို (၂၂၆၉ မိုင် ၄ ဖာလုံ ၁၀၅ ပေ) အစား (၂၂၆၁ မိုင် ၄ ဖာလုံ ၁၀၅ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမှတ် ၂ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက်ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**
**စစ်ကိုင်းတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏ မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏ မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်း၏ မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၃၅။ | ကသာ-ရွှေကူ-ဗန်းမော်လမ်း | - | - | ၂၁ | ၁ | - | - | - | - | ကချင်ပြည်နယ်မှ လွှဲပြောင်းယူပါသည်။ (ကချင်ပြည်နယ်လမ်းစာရင်း အမှတ်စဉ် (၃၀) ရှိ (၈) မိုင်ကို ကချင်ပြည်နယ်စာရင်းမှ နုတ်ပယ်၍ မြေပြင်တွင် အမှန်တကယ် ရှိသော (၂၁) မိုင် (၁) ဖာလုံကို စစ်ကိုင်းတိုင်းဒေသကြီးစာရင်းတွင် ထည့်သွင်းပါသည်။) |

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၁၈၈၀ မိုင် ၆. ၃၅ ဖာလုံ) အစား (၁၉၀၁ မိုင် ၇. ၃၅ ဖာလုံ ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ခန့်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

အမှတ် ၁ ။ ။ မော်လမြိုင်ပညာရေးကောလိပ်မှ ကထိက (ဖွံ့ဖြိုးရေး-အိမ်တွင်းမှု) ဒေါ်ခင်ယုရီအား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၂ ရက် နံနက်ပိုင်းမှ ဇူလိုင်လ ၁၁ ရက် မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂ ။ ။ မော်လမြိုင်ပညာရေးကောလိပ်မှ ကထိက (ဖွံ့ဖြိုးရေး-အိမ်တွင်းမှု) ဒေါ်ခင်ယုရီ၏ ခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် နံနက်ပိုင်းမှစ၍ အသက် (၆၀) နှစ်ပြည့် သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၃ ။ ။ တောင်ငူပညာရေးကောလိပ်မှ ကထိက (သင်ပြနည်း-သိပ္ပံ) ဒေါ်စန်းစန်းဝင်း အား ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက် နံနက်ပိုင်းမှ ဇူလိုင်လ ၂၄ ရက် မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၄ ။ ။ တောင်ငူပညာရေးကောလိပ်မှ ကထိက (သင်ပြနည်း-သိပ္ပံ) ဒေါ်စန်းစန်းဝင်း၏ ခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အသက် (၆၀) နှစ်ပြည့် သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

အမှတ် ၈ ။ ။ ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒု-ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဒေါက်တာဒယ်နီ (ဆမ-၈၇၂၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာသန်းဝင်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

## အားကစားနှင့်ကာယပညာဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်)

အမှတ် ၁ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)မှ အားကစားမှူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးလှိုင်ဆွေ၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၂ ။ ။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

မျိုးလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
အားကစားနှင့်ကာယပညာဦးစီးဌာန။

## ကုသရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက် )

အမှတ် ၅ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်ကုသရေးဦးစီးဌာနမှ ခရိုင်ကုသရေးဦးစီးဌာနမှူး (ပြည်ထောင်စုတီဘီရောဂါဆိုင်ရာဌာန၊ ရန်ကုန်မြို့ တွဲဖက်တာဝန်) ဒေါက်တာတင်မိမိခိုင် (ဆမ-၈၈၃၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ပါမောက္ခဒေါက်တာမြင့်ဟန်၊
ညွှန်ကြားရေးမှူးချုပ်၊
ကုသရေးဦးစီးဌာန။

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက် )

အမှတ် ၁ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ စာအမှတ်-၃ မက (က) ၂၀၁၇ (၅) အရ ကုသရေးဦးစီးဌာန၊ အခြေခံသင်တန်းရာထူးစုမှ လက်ထောက်ဆရာဝန် ဒေါက်တာမြတ်စုခိုင် (ဆမ-၃၁၂၁၂) အား ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် ကျန်းမာရေးပညာဌာနသို့ လက်ထောက်ကထိကအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားပါသဖြင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ပတ်ဝန်းကျင်နှင့်လုပ်ငန်းခွင်ကျန်းမာရေးပညာဌာနမှ လက်ထောက် ကထိကတာဝန်များကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

အမှတ် ၂ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၇ (၄) အရ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ (စီမံကိန်း/ကျန်းမာရေးသတင်းအချက်အလက်) ဒေါက်တာရတနာ (ဆမ - ၂၈၂၈၈) အား ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုပညာဌာနသို့ လက်ထောက်ကထိက အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားပါသဖြင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုပညာဌာနမှ လက်ထောက်ကထိကတာဝန်များကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်ပိုင်းမှ စ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

အမှတ် ၃ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၇ (၄) အရ၊ ဆေးတက္ကသိုလ်များမှ အောက်ဖော်ပြပါ လက်ထောက်ကထိက (၇) ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များအတိုင်း မူလရာထူးတာဝန်များကိုစွန့်လွှတ်၍ လက်ရှိရာထူးတာဝန်များကို ထမ်းဆောင်ခွင့်ပြုလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန/ တက္ကသိုလ်/ဆမ | မူလရာထူး/ဌာန/ တက္ကသိုလ် | မူလရာထူးတာဝန် စွန့်လွှတ်သည့်နေ့ | လက်ရှိရာထူးတာဝန် ထမ်းဆောင်သည့်နေ့ |
|---|---|---|---|---|
| ၁။ | ဒေါက်တာကျော်မင်းဦး<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>(ဆမ-၂၃၈၅၅) | သရုပ်ပြ<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး)<br>[ဆေးတက္ကသိုလ် (မကွေး)၊<br>ဆေးပညာသင်ကြားရေးယူနစ်<br>လက်ထောက်ကထိကရာထူးကိုသုံးစွဲ၍] | (၂၇-၁-၂၀၁၇)<br>ညနေပိုင်း | (၁-၂-၂၀၁၇)<br>နံနက်ပိုင်း |

| စဉ် | အမည်/ရာထူး/ဌာန/<br>တက္ကသိုလ်/ဆမ | မူလရာထူး/ဌာန/<br>တက္ကသိုလ် | မူလရာထူးတာဝန်<br>စွန့်လွှတ်သည့်နေ့ | လက်ရှိရာထူးတာဝန်<br>ထမ်းဆောင်သည့်နေ့ |
|---|---|---|---|---|
| ၂။ | ဒေါက်တာစိုင်းမင်းသူထွန်း<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>(ဆမ-၂၈၁၅၀) | သရုပ်ပြ<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး)<br>(လက်ထောက်ကထိကရာထူး<br>ကိုကျောထောက်နောက်ခံပြု၍) | (၂၇-၁-၂၀၁၇)<br>ညနေပိုင်း | (၁-၂-၂၀၁၇)<br>နံနက်ပိုင်း |
| ၃။ | ဒေါက်တာဟိန်းထက်<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br>(ဆမ-၂၃၈၅၄) | သရုပ်ပြ<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး)<br>[ဆေးတက္ကသိုလ် (မကွေး)၊<br>ဆေးပညာသင်ကြားရေးယူနစ်<br>လက်ထောက်ကထိကရာထူးကိုသုံးစွဲ၍] | (၂၆-၁-၂၀၁၇)<br>နံနက်ပိုင်း | (၂၆-၁-၂၀၁၇)<br>နံနက်ပိုင်း |
| ၄။ | ဒေါက်တာအိမ့်မိုမိုအောင်<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>(ဆမ-၂၈၈၀၉) | သရုပ်ပြ<br>ရောဂါနှိမ်နင်းရေးဌာန<br>အခြေခံကျန်းမာရေးတက္ကသိုလ်<br>(မကွေး)<br>(လက်ထောက်ကထိကရာထူး<br>ကိုသုံးစွဲ၍) | (၃၁-၁-၂၀၁၇)<br>ညနေပိုင်း | (၁-၂-၂၀၁၇)<br>နံနက်ပိုင်း |
| ၅။ | ဒေါက်တာအောင်ကျော်မိုး<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>(ဆမ-၁၈၂၈၅) | သရုပ်ပြ<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး)<br>(လက်ထောက်ကထိကရာထူး<br>ကိုကျောထောက်နောက်ခံပြု၍) | (၂၇-၁-၂၀၁၇)<br>ညနေပိုင်း | (၁-၂-၂၀၁၇)<br>နံနက်ပိုင်း |
| ၆။ | ဒေါက်တာအောင်စိုးမင်း<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br>(ဆမ-၂၂၄၃၉) | သရုပ်ပြ<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး)<br>(လက်ထောက်ကထိကရာထူး<br>ကိုကျောထောက်နောက်ခံပြု၍) | (၂၆-၁-၂၀၁၇)<br>နံနက်ပိုင်း | (၂၆-၁-၂၀၁၇)<br>နံနက်ပိုင်း |
| ၇။ | ဒေါက်တာတင်အောင်မိုး<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>(ဆမ-၃၀၀၉၀) | သရုပ်ပြ<br>ကာကွယ်ရေးနှင့်လူမှုရေး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>(လက်ထောက်ကထိကရာထူး<br>ကိုကျောထောက်နောက်ခံပြု၍) | (၂၆-၁-၂၀၁၇)<br>နံနက်ပိုင်း | (၂၆-၁-၂၀၁၇)<br>နံနက်ပိုင်း |

အမှတ် ၄ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၇ (၅) အရ၊ ဆေးတက္ကသိုလ် (မကွေး)၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ လက်ထောက်ကထိကရာထူးကို ကျောထောက်နောက်ခံပြု၍ သရုပ်ပြအဖြစ် ခန့်ထားသော ဒေါက်တာသန္တာထွန်း (ဆမ - ၂၆၁၁၄) အား ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ လူဦးရေဆိုင်ရာနှင့်မိသားစုကျန်းမာရေး ပညာဌာနသို့ လက်ထောက်ကထိကအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားပါသဖြင့် ဆေးတက္ကသိုလ် (မကွေး)၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ သရုပ်ပြ၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့

ညနေပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ လူဦးရေဆိုင်ရာနှင့် မိသားစုကျန်းမာရေးပညာဌာနမှ လက်ထောက်ကထိက၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
(ဒေါက်တာမျိုးသန့်ဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး)၊
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက် )

အမှတ် ၅ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲပါ စာအမှတ်-၃ မက (က) ၂၀၁၇ (၁၅) အရ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ လူမှုဆက်ဆံရေးနှင့် အပြုအမူပိုင်းဆိုင်ရာပညာဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာမင်းကိုကို (ဆမ-၁၇၃၅၉) အား ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ လူဦးရေဆိုင်ရာနှင့် မိသားစုကျန်းမာရေးပညာဌာနသို့ တွဲဖက်ပါမောက္ခအဖြစ် ရာထူးပြောင်းရွှေ့ခန့်ထားပါသဖြင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ လူမှုဆက်ဆံရေးနှင့် အပြုအမူပိုင်းဆိုင်ရာပညာဌာနမှ တွဲဖက်ပါမောက္ခ၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ လူဦးရေဆိုင်ရာ နှင့်မိသားစုကျန်းမာရေးပညာဌာနမှ တွဲဖက်ပါမောက္ခ၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
(ဒေါက်တာကျော်ခိုင်ဦး၊ ညွှန်ကြားရေးမှူး)၊
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။

## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၁၃၂၀/၂၀၁၇) ခွင့်ပြုချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ရုံးများမှ အောက်ဖော်ပြပါ စိစစ်ရေးမှူး-၂ များအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁။ | ဦးနိုင်မင်းထက် | ၇။ | ဒေါ်ဝေနှင်းစံ (ခ) ဒေါ်ဝေနှင်းဇာ |
| ၂။ | ဦးဆလိုင်းအက်ဝပ်ထောင်း | ၈။ | ဒေါ်ဟေမာချို |
| ၃။ | ဒေါ်ထုအောင် | ၉။ | ဒေါ်အေးမျိုးမျိုးလွင် |
| ၄။ | ဦးကျော်မင်း | ၁၀။ | ဒေါ်အေးအေးမင်း |
| ၅။ | ဒေါ်မေဇွန်မိုး | ၁၁။ | ဒေါ်အေးမို့မို့ကျော် |
| ၆။ | ဒေါ်နှင်းဝေမွန် | ၁၂။ | ဒေါ်ရီရီထွေး |

ဒေါ်နွဲ့နွဲ့ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်<br>( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Pursuant to Section 206 (1)

**ARNO (Myanmar) Co., Ltd.**

Notice of Special Resolution

For Members' Voluntary Winding-up

1. Under the Special Resolution passed on 4-7-2017, the Company is placed under Voluntary liquidation, and U Khin Win (Business & Legal Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 7-8-2017.

Mr. Wang, Ming-Yang
Managing Director
ARNO (Myanmar) Co., Ltd.

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi); D,Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

(Liquidator's Office) No.175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar (Phone 095008583; 09977185377)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Simple Integrated Multilogistics Co., Ltd.**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း

ကြေညာချက်

၁။ အထက်ဖော်ပြပါကုမ္ပဏီလီမိတက်အစုရှင်များ၏ ၄-၇-၂၀၁၇ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇ အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၇. ၈. ၂၀၁၇ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

DAW THUZAR THET PE
MANAGING DIRECTOR
SIMPLE INTEGRATED MULTILOGISTICS LTD.

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi); D,Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

(ရုံး) အမှတ် ၁၇၅ (ပထမထပ်) ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၄၊ ပိတောက်လမ်း (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Blue Bridge Co.,Ltd.** ကို

အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းပြီးကြောင်း ကြေညာချက်

၁။ **Blue Bridge Co.,Ltd.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် နောက်ဆုံးအထွေထွေ အစည်းအဝေးကို (၇-၈-၂၀၁၆) နေ့တွင် ကျင်းပပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းများ ရှင်းလင်းပြီးဖြစ်သောကြောင့်၊ အစည်းအဝေးဆုံးဖြတ်ချက်အရ **Blue Bridge Co.,Ltd.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

U Aung Thwin
Managing Director
Blue Bridge Co.,Ltd.

U Aung Win
Liquidator
#07, Pansodan Office Tower,
No. 189-195, Pansodan Street,
Kyauktada Township, Yangon.

**ဗိသုကာပညာရှင် သုံးဦး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဗိသုကာပညာရှင် သုံးဦး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့ နံနက် (၁၀း၃၀) နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၁၁၄/အေ) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)
B.Com, C.P.A
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**အဏ္ဏဝါ ရွှေပုလဲ အုပ်စု ကုမ္ပဏီလီမိတက်**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**အဏ္ဏဝါ ရွှေပုလဲ အုပ်စု ကုမ္ပဏီလီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့ နံနက် (၁၀း၃၀) နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၁၁၄/အေ) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)
B.Com, C.P.A
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဖြိုးချယ်ရီ ကုမ္ပဏီလီမိတက်

## (PHYO CHERRY COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဖြိုးချယ်ရီ ကုမ္ပဏီလီမိတက် (PHYO CHERRY COMPANY LIMITED)** အား (၂၉-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်မြင့်
မန်နေးဂျင်းဒါရိုက်တာ
ဖြိုးချယ်ရီ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## STEWARD GROUP COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **STEWARD GROUP COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ် ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | (၇-၈-၂၀၁၇) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYIT NGE NADI COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **MYIT NGE NADI COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၇-၈-၂၀၁၇)

အစည်းအဝေးကျင်းပမည့်အချိန် - (၁၀း၃၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## KO KO FAMILY COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **KO KO FAMILY COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၇-၈-၂၀၁၇)

အစည်းအဝေးကျင်းပမည့်အချိန် - (၁၁း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ABLE-TECH ENGINEERING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **ABLE-TECH ENGINEERING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၇-၈-၂၀၁၇)

အစည်းအဝေးကျင်းပမည့်အချိန် - (၁၂း၃၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ASIA BUSINESS COMPASS COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **ASIA BUSINESS COMPASS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၇-၈-၂၀၁၇)

အစည်းအဝေးကျင်းပမည့်အချိန် - (၀၂း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၇-၇-၂၀၁၇။